မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
January 14 , 2025 Volume 86 , Number 10

၁၄ . ၁. ၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၁၅၄.၁၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၃.၆၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၆၂.၇၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၀၁.၀၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၆.၄၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၂၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၃.၇၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၆.၆၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၀.၅၁ ကျပ် |

Source: CBM Rate, etrademyanmar.com

CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## မန္တလေးပဲဈေးကွက်အတွင်း ပေါ်ဦးပေါ်ဖျား ပဲစင်းငုံအသစ်များ လှိုင်လှိုင်ဝင်ရောက်နေ



မန္တလေးပဲဈေးကွက်အတွင်း ဇန်နဝါရီလဆန်းပိုင်းမှစ၍ ပေါ်ဦးပေါ်ဖျားပဲစင်းငုံအသစ်များ လှိုင်လှိုင်ဝင်ရောက်နေကာ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း မန္တလေးမြို့ရှိ ပဲ ၊ နှမ်းကုန်သည်များထံက သိရသည်။

ယခုရက်ပိုင်း မန္တလေးပဲဈေးကွက်အတွင်းဝင်ရောက်လာသော ပဲစင်းငုံအသစ်များသည် ညောင်ဦး၊ ပုပ္ပား၊ ကျောက်ပန်းတောင်းစသည့်ဒေသများမှ စိုက်ပျိုးထွက်ရှိသောပေါ်ဦးပေါ်ဖျား ပဲစင်းငုံအသစ်များဖြစ်ပြီး လက်ရှိတွင် အဆိုပါပဲစင်းငုံအသစ်များ အရောင်းအဝယ်သွက်လျက်ရှိသည်။

ပဲစင်းငုံကို ပြည်တွင်းစားသုံးမှုထက် ပြည်ပသို့ပိုမိုတင်ပို့နေရပြီး အဓိကဈေးကွက်အနေဖြင့် အိန္ဒိယနိုင်ငံသို့ G to Gစာချုပ်ချုပ်ဆိုကာ နှစ်စဉ်တန်ချိန် အမြောက်အမြားတင်ပို့လျက်ရှိကြောင်း သိရသည်။

ပြည်တွင်း၌ ပဲစင်းငုံကို မကွေးတိုင်းဒေသကြီး ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် အဓိကစိုက်ပျိုးကြကြောင်း သိရ သည်။

ပဲစင်းငုံသည် နိုင်ငံခြားဝင်ငွေရှာဖွေပေးနေသောအဓိကပဲသုံးမျိုးတွင် တစ်မျိုးအပါအဝင်ဖြစ်သည့်အတွက် တောင်သူများက တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာကြကြောင်း နိုင်ငံတော်မှလည်း အထွက်နှုန်းကောင်းသော ပဲစင်းငုံမျိုးများ၊ ရာသီဥတုဒဏ်ခံနိုင်သော မျိုးများကို ဖြန့်ဝေပေးလျက်ရှိပြီး ပဲစင်းငုံစံပြစိုက်ကွက်များ စိုက်ပျိုးထားရှိကာ တောင်သူများအား စိုက်ပျိုးနည်းစနစ်များ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**Source : မြဝတီသတင်းစာ**

## ကျောက်ဆည်မြို့နယ် ညောင်ရွှေကျေးရွာ၌ စိုက်ပျိုးထားသော မျိုးစေ့ထုတ်နေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း




မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ညောင်ရွှေကျေးရွာ၌ ဒေသတွင်းနေကြာမျိုးကောင်းမျိုးသန့်များ ဖူလုံပြီး ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ရေဆင်း-၂ နေကြာ မျိုးကောင်းမျိုးသန့်များနှင့် စိုက်ပျိုးနည်းပညာများ ကူညီရယူကာ စိုက်ပျိုးထားသော မျိုးစေ့ထုတ်ဆောင်းနေကြာစိုက်ခင်းများ ယခုအခါ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်းသိရသည်။

ဆောင်းနေကြာသီးနှံများ စိုက်ပျိုးရာတွင် သိပ္ပံနည်းကျစိုက်နည်းအတိုင်း သွင်းအားစုအနေဖြင့် ထယ်ရေးပြင်ချိန်တွင်တစ်ဧကနွားချေးနှင့် မြေဆွေးတစ်မျိုးမျိုးကို နွားလှည်းငါးစီးမှ ၁၀ စီး၊ ယူရီးယားဓာတ်မြေသြဇာ ၁၁၂ ပေါင်၊ တီစူပါ ၅၆ ပေါင်နှင့်ပိုတက်ရှ် ၅၆ ပေါင်အသုံးပြုပြီး အဖူးဝင်ချိန်တွင် ယူရီးယား ၅၆ ပေါင်ထပ်မံထည့်သွင်းစိုက်ပျိုးကြောင်းနှင့်စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အောင်မြင်ဖြစ်ထွန်းသည့် အပင်ပေါက်နှုန်း ၈၀ ရာခိုင်နှုန်းအထက်ရှိသော နေကြာမျိုးများရွေးချယ်ကာ တစ်ဧက မျိုးစေ့သုံးပြည်နှုန်းဖြင့် အပင်ပေါက်သေချာစေရန် မြေအစိုဓာတ်လုံလောက်ချိန်တွင် အနက် ၁ လက်မခွဲမှ ၂ လက်မအတွင်း စိုက်ပျိုးထားကြောင်း၊ သတ်မှတ်အပင်ရေ ၂၉,၀၀၀ ဝင်ဆံ့စေရန် တန်းကြား၂ ပေ၊ ပင်ကြား ၉ လက်မဖြင့်တစ်ကျင်းလျှင်မျိုးစေ့နှစ်စေ့နှုန်းဖြင့် စိုက်ပျိုးထားကြောင်း တောင်သူတစ်ဦးက ပြောပြသည်။

ထိုသို့ အထွက်နှုန်းကောင်းသည့် ဆီထွက်သီးနှံများယခင်ကထက် ပိုမိုစိုက်ပျိုးခြင်းအားဖြင့်ဒေသတွင်းစားသုံးဆီ ဖူလုံလာမည်ဖြစ်သကဲ့သို့ ဆီဈေးနှုန်းတည်ငြိမ်ကျဆင်းစေမည်ဖြစ်ပြီး ဒေသခံတောင်သူများနှင့် ဆက်စပ်လုပ်ငန်းလုပ်ကိုင်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**Source : မြဝတီသတင်းစာ**

## ကိုးလအတွင်း ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ တစ်သန်းကျော်ရရှိခဲ့



၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ဧပြီလမှဒီဇင်ဘာလအထိ ပျားရည်မက်ထရစ်တန်ချိန် ၁၁၀၀ ကျော်တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၀၄ သန်းကျော်ရရှိခဲ့ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာန၊ မွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲက သိရသည်။

ပျားရည်သည် မကွေးတိုင်းဒေသကြီး၊စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့မှ အများဆုံးထွက်ရှိကြောင်း၊ပျားရည်ကို ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်း မှ အများဆုံးတင်ပို့ကြောင်း သိရသည်။

ပျားရည်ကို ဂျပန်၊တောင်ကိုရီးယား၊ထိုင်း၊တရုတ်နှင့်တရုတ်(တိုင်ပေ)တို့သို့ ပုံမှန်တင်ပို့လျက်ရှိပြီး ဂျပန်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိသည်။

ပြည်တွင်း၌ နှမ်းပျားရည်၊ဆီးပျားရည်၊ပန်းနှမ်းပျားရည်၊နေကြာပျားရည်၊ရော်ဘာပျားရည်၊လိုက်ချီးပျားရည်ဟူ၍ ထုတ်လုပ်ပြီးပျားရည်ကို ပြည်တွင်း၌ ဆေးဝါးအဖြစ် အသုံးပြုမှုများသကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း တင်ပို့ကြောင်း သိရသည်။

**Source : Popular News Journal**

## ယခုဘဏ္ဍာနှစ်ကိုးလတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ခြောက်ထောင်ကျော် တင်ပို့နိုင်ခဲ့




မြန်မာနိုင်ငံမှ ပြည်ပနိုင်ငံများသို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ်ကိုးလတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ခြောက်ထောင်ကျော်တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

ယခုဘဏ္ဍာနှစ်ဧပြီလ ၁ ရက်မှ ဒီဇင်ဘာလ ၃၁ ရက်အထိ ကိုးလတာကာလအတွင်း ပြည်ပသို့ပုစွန်တင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်မှုမှ မက်ထရစ်တန် ၅၀၇၅ ဒသမ ၈၅၄ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅၃၅ သန်းရရှိခဲ့ကြောင်း နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန် ၁၁၇၇ ဒသမ ၁၇ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ သန်း ရရှိသည့်အတွက် ပြည်ပသို့ပုစွန်တင်ပို့မှု စုစုပေါင်း မက်ထရစ်တန် ၆၂၅၃ ဒသမ ၀၂၄ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၀၃၅ သန်းရရှိထားကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပုစွန်အပါအဝင်ငါးအစရှိသည့်ရေထွက်ကုန်ပစ္စည်းများကို တရုတ်နိုင်ငံ၊ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဂျပန်နိုင်ငံစသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း အဆိုပါရေထွက်ကုန်ပစ္စည်းများကို ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source : မြဝတီသတင်းစာ**

## ရွှေလုပ်ငန်းလိုင်စင် လျှောက်ထားရာတွင် အခက်အခဲတချို့ရှိနေဟု YGEA ပြော



ဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်ဖို့ လုပ်ငန်းလိုင်စင်လျှောက်ထားရာမှာ အခက်အခဲတချို့ရှိနေကြောင်း ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်း YGEA က သိရပါတယ်။

လုပ်ငန်းလိုင်စင်လျှောက်ထားရာမှာ ထောက်ခံစာအတွက် အဓိက အခက်အခဲဖြစ်နေကြောင်း YGEA ဥက္ကဋ္ဌ ကပြောပါတယ်။

"ထောက်ခံစာကိစ္စတွေ အားလုံးကိုဖြေလျှော့ပေးလိုက်မယ်ဆိုရင် အားလုံးအဆင်ပြေပြီး မြန်ဆန်သွားမဲ့သဘော ရှိပါတယ်"ဟုဆိုပါတယ်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဓာတ်သတ္တု (ရွှေ)ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းကို အရေးကြီးဝန်ဆောင်မှုအဖြစ် သတ်မှတ်လိုက်ပြီးနောက် လုပ်ငန်းလိုင်စင်ပြန်လည်လျှောက်ထားကြဖို့ အသိပေးထားပါတယ်။

လက်ရှိမှာ ဓာတ်သတ္တု(ရွှေ)ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်လျှောက်လွှာထုတ်ယူမှုက ၉၉၇ စောင်ရှိလာပြီး ပြန်လည်လျှောက်ထားတဲ့စောင်ရေက ၁၃၀ ကျော်သာရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးဓာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းလိုင်စင်ထုတ်ပေးရေးကော်မတီကနေ သိရပါတယ်။

ဒါကြောင့် အခွန်ကင်းရှင်းကြောင်းထောက်ခံချက်၊ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံချက်တွေရယူရာမှာ အခက်အခဲတချို့ရှိနေတာကို ဖြေလျှော့ပေးမယ်လို့ ကော်မတီတာဝန်ရှိသူက ပြောပါတယ်။

လုပ်ငန်းလိုင်စင်လျှောက်ထားသူတွေအနေနဲ့ လုပ်ငန်းပမာဏရဲ့ ၂၅ ရာခိုင်နှုန်းနဲ့ညီမျှတဲ့ ငွေကြေးပမာဏကိုဘဏ်မှာ အပ်နှံထားတဲ့အထောက်အထား Bank Statement ကိုတင်ပြရမှာဖြစ်ပြီး ဘယ်ဘဏ်မှာမဆို အပ်နှံထားတဲ့ ငွေစာရင်းကိုတင်ပြခွင့်ရှိတယ်လို့ သိရပါတယ်။

ထို့ပြင် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း သို့မဟုတ် ရန်ကုန်တိုင်းဒေသကြီးရွှေလုပ်ငန်းရှင်များအသင်းရဲ့ အဖွဲ့ဝင်ဖြစ်ကြောင်း ထောက်ခံချက်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးက ရွှေဆိုင်အတွက်လိုင်စင်လျှောက်ထားတာကို ကန့်ကွက်မှုမရှိ

ကြောင်းထောက်ခံချက်၊ရဲတပ်ဖွဲ့ရဲ့ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်တွေကိုပါ ပူးတွဲတင်ပြရမှာပါ။

အခွန်ဆောင်ထားတဲ့ မြို့နယ်၊ပြည်တွင်းအခွန်များဦးစီးဌာနရဲ့အခွန်ကင်းရှင်းကြောင်းထောက်ခံချက်နဲ့စည်ပင်သာယာရေးကော်မတီက ထုတ်ပေးထားတဲ့လုပ်ငန်းလိုင်စင်ရှိရင်လည်း ပူးတွဲတင်ပြရမှာ ဖြစ်ပါတယ်။

လုပ်ငန်းလိုင်စင်ကိုတော့ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်အထိ သုံးလအတွင်း နောက်ဆုံးလျှောက်ထားရမယ်လို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ထားပါတယ်။

**Source : BETV Business**

## ဆိပ်ဖြူမြို့နယ်၌ ကုန်စိမ်းသီးနှံခရမ်းချဉ်စိုက်တောင်သူများ အကျိုးအမြတ်ရရှိ



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့နယ်၌ ကြက်သွန်နီ၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲမျိုးစုံနှင့် ကုန်စိမ်းသီးနှံမျိုးစုံကို နှစ်စဉ်ဒေသစီးပွားဖြစ် စိုက်ပျိုးကြပြီး ခရမ်းချဉ်သီးနှံကိုလည်း ဆိပ်ဖြူမြို့နယ် ရွာသစ်၊ကိုးထောင့်၊ရေလယ်ကျွန်း၊ဇလုံ၊ ချင်တောင်၊ အောက်ဆိပ်၊ ပဒေသာကျွန်း၊ မြင်ကဝ၊ ဆူးလေကုန်းကျေးရွာများတွင် မြစ်ရေဝင်ကိုင်းကျွန်းမြေများ၌ အများဆုံးစိုက်ပျိုးကြောင်း၊ ၂၀၂၄ ခုနှစ် ဩဂုတ်လမှ စတင်ပြီး စိုက်ဧက ၁၀၀ခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဆိပ်ဖြူမြို့၊ အနောက်ပိုင်းရပ်ကွက်ရှိ စိုက်တောင်သူတစ်ဦးနှင့် ဆက်သွယ်မေးမြန်းရာတွင် ယခုနှစ် ခရမ်း ချဉ်စိုက်ပျိုးရာတွင် တစ်ဧကစိုက်ပျိုးထားပြီး မြေပြင်အပြန့်စိုက်ပျိုးခြင်းနည်းစနစ်ဖြင့် ကိုင်းကျွန်းမြေများတွင် စိုက်ပျိုးကြောင်း၊ တန်းကြား ၂ ပေပင်ကြား ၁ပေအကွာစိုက်ပျိုးပြီး မြေအောက်ရေအပြင် လိုအပ်ပါက ရေသွင်းစိုက်ပျိုးကြောင်း၊ ထိုင်ဝမ် ခရမ်းချဉ်သီးမျိုးကို အများဆုံး စိုက်ပျိုးကြောင်း၊ မျိုးစေ့အထုတ်ကို စိုက်ပျိုးရေးဆေးဆိုင်များမှ ဝယ်ယူစိုက်ပျိုးကြောင်း တစ်ထုပ်လျှင် ကျပ်၂၇,၀၀၀ ဈေးဖြင့် ဝယ်ယူစိုက်ပျိုးရပြီး တစ်ဧကလျှင် ၅ ထုတ်ခန့်ကုန်ကျကြောင်း၊ စိုက်ပျိုးပြီး ရက် ၃၀ ခန့်တွင် အပွင့်လိုက်၍ ၅၀ ရက်သားခန့်တွင်အသီးတင်ပြီး ၇၅ ရက်သားခန့် နိုဝင်ဘာလဆန်းတွင်အသီးစတင်ခူးဆွတ်ရကြောင်း၊စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင်ကျပ်၂၅ သိန်းခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ခရမ်းချဉ်သီးပျမ်းမျှ ပိဿာချိန် ၄၀၀၀ ခန့်ထွက်ရှိကြောင်း၊သီးနှံပေါ်စဒေသတွင်းဈေးကွက်တွင် ခရမ်းချဉ်သီးတစ်ပိဿာလျှင်လက်ကားဈေးကျပ် ၅၀၀၀၊ လက်လီဈေးကျပ် ၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်၍ နှစ်ရက်လျှင်တစ်ကြိမ်ဆွတ်ခူးပြီး တစ်ကြိမ်လျှင်( ၇ ပိဿာ )ခန့် ဆွတ်ခူးရကြောင်း၊ ယခု ဇန်နဝါရီလဆန်းပိုင်းတွင် ခရမ်းချဉ်သီးဈေးကွက်ကျဆင်းလာပြီး တစ်ပိဿာလျှင် ကျပ်၂၀၀၀ ဈေးဖြင့် ရောင်းချရကြောင်း၊ အကျိုးအမြတ်အနေဖြင့်တစ်ဧကလျှင်ငွေကျပ် ၇၅ သိန်းခန့်ရရှိကြောင်း၊ တောင်သူတစ်ဦးချင်းအနေဖြင့် စိုက်ပျိုးရာသီချိန်သီးနှံထွက်ရှိမှု ဈေးနှုန်းအပေါ်မူတည်ပြီး အကျိုးအမြတ်ရရှိပုံမတူညီကြောင်း၊ ဈေးကွက်အနေဖြင့် ခရမ်းချဉ်သီးများကို ဒေသတွင်းအိမ်ဈေးဆိုင်များအပြင် မြို့ပေါ်ရှိကုန်စိမ်းသီးနှံဈေးကွက်နှင့်ချောက်မြို့သို့တင်ပို့ရောင်းချကြောင်း၊ ယခုနှစ်ခရမ်းချဉ်စိုက်တောင်သူများ သီးနှံပေါ်ချိန်ဈေးကောင်းရရှိ၍ အကျိုးအမြတ်များစွာရရှိကြောင်း ခရမ်းချဉ်စိုက်တောင်သူတစ်ဦးထံက သိရသည်။

**Source : DOCA(မကွေး)**

https://www.doca.gov.mm/

## တရုတ်နိုင်ငံ၏ စီးပွားရေးအခြေခံများ တည်ငြိမ်ကောင်းမွန်လျက်ရှိ

တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ်အတွင်း အရည်အသွေးမြင့်ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ရန်ခိုင်မာသည့်ခြေလှမ်းများဖြင့် ဆောင်ရွက်ခဲ့ပြီးနောက် နိုင်ငံ၏စီးပွားရေးအခြေခံများသည် တည်ငြိမ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

နိုင်ငံ၏ GDP သည် ပထမသုံးလပတ်ကာလအတွက် ၂၉ ဒသမ ၆၃ ထရီလီယံယွမ်၊ ဒုတိယသုံးလပတ်ကာလအတွက် ၃၂ ဒသမ ၀၅ ထရီလီယံယွမ်နှင့် တတိယသုံးလပတ်ကာလအတွက် ၃၃ ဒသမ ၂၉ ထရီလီယံသို့ အသီးသီးရောက်ရှိခဲ့ကြောင်း၊ အလုပ်အကိုင်နှုန်းမှာ ယေဘုယျအားဖြင့် တည်ငြိမ်လျက်ရှိပြီး ပထမ ၁၁ လအတွင်း မြို့ပြအလုပ်အကိုင်သစ် ၁၁ ဒသမ ၉၈ သန်း

ဖန်တီးပေးနိုင်ခဲ့ကြောင်း၊ စားသုံးသူဆိုင်ရာညွှန်းကိန်းမှာလည်း အတန်အသင့်မြင့်တက်ခဲ့ကြောင်း၊ နိုင်ငံတကာကုန်စည်နှင့်ဝန်ဆောင်မှုဆိုင်ရာ ကုန်သွယ်မှုတန်ဖိုးမှာ နိုဝင်ဘာလတွင် ၄ ဒသမ ၂၈ ထရီလီယံယွမ်နီးပါး၊ ယခင်နှစ်ထက် ၃ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ ပို့ကုန်ဆိုင်ရာကုန်စည်ကုန်သွယ်မှု ယွမ် ၂ ဒသမ ၁၅ ထရီ လီယံနှင့် သွင်းကုန် ၁ ဒသမ ၅၇ ထရီလီယံယွမ်ရှိခဲ့ကြောင်း၊ ဝန်ဆောင်မှုလုပ်ငန်းအတွက် ပို့ကုန်ဆိုင်ရာကုန်သွယ်မှု ယွမ် ၂၃၆ ဒသမ ၂ ဘီလီယံနှင့်သွင်းကုန်အတွက် ယွမ် ၃၂၅ ဒသမ ၈ ဘီလီယံ အသီးသီးရှိခဲ့ကြောင်း သိရသည်။

ထုတ်လုပ်မှု PMI မှာ ၅၀ ဒသမ ၁ ရှိခဲ့ပြီး အခြေခံမျဉ်း ၅၀ ထက် သုံးလဆက်တိုက် ကျော်လွန်မှုရှိခဲ့ကြောင်း၊ ဈေးကွက်အတွင်းပိုမိုလှုပ်ရှားသက်ဝင်လာခဲ့ပြီး နှစ်စဉ်ကုန်စည်သယ်ယူပို့ဆောင်မှုပမာဏသည် ၁၇၄ ဒသမ ၅ ဘီလီယံ ကျော်လွန်ခဲ့ကြောင်း၊ မီးရထားဖြင့် ခရီးသွားလာသူခရီးသည်အရေအတွက်မှာလည်း ၄ ဒသမ ၀၈ ဘီလီယံ အထိ ရောက်ရှိခဲ့ကြောင်း၊ မီးရထားဖြင့် ကုန်စည်ပို့ဆောင်မှုမှာလည်း ဆက်လက်မြင့်တက်လျက် ရှိကြောင်းနှင့် ကွန်တိန်နာဖြတ်သန်းမှုသည်လည်း အချိန်နှင့်အမျှမြင့်တက်လျက်ရှိကြောင်း၊ ပြည်တွင်းဝယ်လိုအား တိုးတက်မှုကြောင့် ကြီးမားသည့် ဈေးကွက်အလားအလာများ ထွက်ပေါ်ခဲ့ကြောင်း၊ နိုဝင်ဘာလတွင်လူသုံးကုန်ပစ္စည်းများလက်လီရောင်းချမှုမှာယခင်နှစ်ကာလတူထက် ၃ ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်းနှင့်ပုံသေပိုင်ရင်းနှီးမြှုပ်နှံမှုသည်လည်း ပထမ ၁၁ လအတွင်းယခင်နှစ်ကာလတူထက် ၃ ဒသမ ၃ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။

**Source:** https://www.chinadaily.com.cn/a/202501/10/WS67808772a310f1265a1da143.html

**စီးပွားရေးသံမှူး**

**ပေကျင်းမြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ**

https://myantrade.gov.mm/

## ထိုင်းနိုင်ငံ၏ ယှဉ်ပြိုင်နိုင်မှုကိုမြှင့်တင်ရန် အခွန်ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး H.E Mr. Pichai Chunhavajira က ကတိပြုပြောကြားခဲ့

ထိုင်းနိုင်ငံ၏ ယှဉ်ပြိုင်နိုင်မှုကို ပိုမိုခိုင်မာရန်နှင့် ယခုနှစ် နှစ်ကုန်ပိုင်းတွင် ထိုင်းနိုင်ငံ၏ ဒီဂျစ်တယ်ငွေကြေးလက်ခံကျင့်သုံးမှုကို အဆင့်မြှင့်တင်ရန်အတွက် အခွန်ပြုပြင်ပြောင်းလဲမှုကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီး H.E Mr. Pichai Chunhavajira က ကတိပြုပြောကြားခဲ့ပါသည်။

ဝန်ကြီးဌာန၏ မဟာဗျူဟာမှာ မက်လုံးများဖန်တီးပေးခြင်းနှင့် ဆွဲဆောင်နိုင်သော အစီအမံများကို အသုံးပြုခြင်းဖြင့် စီးပွားရေးလုပ်ငန်းမိတ်ဖက်များကိုမြှင့်တင်ရန်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းပတ်ဝန်းကျင်တွင် ဆွဲဆောင်မှုရှိသော အစီအမံများကို တောင်းဆိုမှုမြင့်တက်လာသောကြောင့် ယှဉ်ပြိုင်နိုင်မှုကို တိုးမြှင့်ရန် အခွန်စနစ်တစ်ခုလုံးကို ပြန်လည်သုံးသပ်ရန်ဖြစ်ကြောင်း၊ စဉ်ဆက်မပြတ်သော စီးပွားရေးလုပ်ငန်း တိုးတက်ရန်အတွက် ဝန်းကျင်တစ်ခုဖန်တီးရာ၌ အရေးကြီးဆုံးမှာ ဘဏ္ဍာငွေရရှိနိုင်မှုဖြစ်ကြောင်း၊ ပုဂ္ဂလိကနှင့် အစိုးရဘဏ္ဍာရေးအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းငယ်များကို ချေးငွေများ ထုတ်ချေးပေးရန် တွန်းအားပေးလိုကြောင်း၊ အစိုးရ၏ ဘဏ္ဍာငွေသည် အကန့်အသတ် ဖြစ်သဖြင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ပေးခြင်းဖြင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးလာစေရန် ကတိပေးလိုပါကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

အစိုးရအသုံးစရိတ်သည် ဘဏ္ဍာရေးနှင့်ငွေကြေးစည်းမျဉ်းများကို လိုက်နာရာဖြင့်ပြည်သူ့ကြွေးမြီကို စီမံခန့်ခွဲနိုင်သော သို့မဟုတ် လျှော့ချနိုင်သော ပမာဏ၌ထိန်းထားစဉ်တွင်လိုငွေပမာဏသည် သင့်တော်ပြီး လက်ခံနိုင်သည့် ပမာဏတွင်ရှိရန် ထိန်းထားရပါကြောင်း၊ကမ္ဘာ့အနှံ့ပြောင်းလဲနေပြီးဝယ်လိုအားခိုင်မာနေသောဒီဂျစ်တယ်ငွေကြေးကိုထိုင်းနိုင်ငံအနေဖြင့်အဘယ်ကြောင့် မထွေးပွေ့သည်ကို မေးခွန်းထုတ်လိုကြောင်း၊ ဒီဂျစ်တယ်ဒင်္ဂါးပြား ၂၁ သန်းသည် လည်ပတ်လျက်ရှိပြီး အမေရိကန်ဒေါ်လာ ၂ ထရီလီယံရှိသော်လည်း ဒင်္ဂါးပြားများ၏ ၁၀ သန်းထက်နည်းသည့်ပမာဏသာ အရောင်းအဝယ်လုပ်နေပါကြောင်း၊ ယင်းသည် ကုဒ်များ၏ ထက်ဝက်ကျော်ကို မေ့လျော့သွားဖွယ်ရှိကြောင်း ညွှန်ပြလျက်ရှိပြီး ငွေလဲနိုင်သည့်ငွေဖြစ်လွယ်မှုတွင် ဒေါ်လာ ၁ ထရီလီယံ ကျန်ရစ်ခဲ့ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

ဝယ်လိုအားကြီးထွားလာပြီး လက်ရှိပထဝီဝင်နိုင်ငံရေးပြဿနာများကြောင့် ပြည်သူများသည် အခြားသောနည်းလမ်းအဖြစ်

သမာရိုးကျငွေကြေးကို ရှာဖွေမှုမြင့်တက်လာလျက်ရှိကြောင်း၊ ထိုင်းနိုင်ငံသည် လက်ရှိတွင် ဒီဂျစ်တယ်ငွေကြေးအတွက် ပြည့်ပြည့်ဝဝ စီစဉ်ထားမှု မရှိသော်လည်း နိုင်ငံအနေဖြင့် အလားအလာရှိသော အသုံးပြုသူများကို သတ်မှတ်ရန် ပလက်ဖောင်းတစ်ခု ဖန်တီးခြင်းနှင့် ၎င်းတို့ လဲလှယ်ချိတ်ဆက်နိုင်သော ဈေးကွက်တစ်ခုဖန်တီးပေးရန် ကြိုးစားလျက်ရှိပါကြောင်း၊ ဥပမာအားဖြင့် ခရီးသွားများ ထိုင်းနိုင်ငံသို့ ဝင်ရောက်လာပါက ၎င်းတို့သည် ၎င်းတို့၏ ဒင်္ဂါးများကို ပြည်တွင်း ပလက်ဖောင်းတွင် အတည်ပြုရန် မှတ်ပုံတင်နိုင်မည်ဖြစ်ကြောင်း၊ ဝယ်ယူမှုဆောင်ရွက်ရာတွင်လည်း ဒင်္ဂါးများကို ၎င်းတို့ရွေးချယ်ထားသည့် ငွေလဲကောင်တာများ မှတစ်ဆင့်ပေးချေနိုင်ကြောင်း ရှင်းလင်းတင်ပြခဲ့ပါသည်။

ရောင်းသူ၊ ဝယ်သူတို့သည် ၎င်းတို့အနေဖြင့်မည်သည့်ငွေကြေးအမျိုးအစားလက်ခံရရှိသည်ကိုမသိနိုင်သော်လည်း ယင်းဒင်္ဂါးများသည် Application ထဲသို့ ရောက်ရှိသွားပြီး ဘတ်ငွေကြေးသို့ပြောင်းလဲပေးမည်ဖြစ်ကြောင်း၊ယခုနှစ်သည်ထိုင်းနိုင်ငံ အတွက် အပြောင်းအလဲနှစ်တစ်ခုဖြစ်ကြောင်း၊ လွန်ခဲ့သော ဆယ်စုနှစ်တွင် ထိုင်းနိုင်ငံ၏ စီးပွားရေးအမှန် တကယ်တိုးတက်မှု သည် ၂ ရာခိုင်နှုန်းထက်နည်းခဲ့သော်လည်း ၂၀၂၄ ခုနှစ်တွင် ၂ ဒသမ ၇ ရာခိုင်နှုန်းမှ ၂ ဒသမ ၈ ရာခိုင်နှုန်းကြား တိုးတက်ခဲ့သဖြင့် သိသာသော အကောင်းအရွေ့တစ်ခုဖြစ်ပါကြောင်း၊အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့အပါအဝင် အချို့သော အဖွဲ့အစည်း များ၏ ခန့်မှန်းချက်သည် ၃ ရာခိုင်နှုန်းအောက်နည်းသော်လည်း ယခုနှစ်အတွင်းတိုးတက်မှုသည် ၃ ရာခိုင်နှုန်းကို ရရှိနိုင်မည်ဟုယုံကြည်ပါကြောင်း၊ စားသုံးသူယုံကြည်မှုနှင့် ပုဂ္ဂလိကကဏ္ဍစားသုံးမှုသည် အကောင်းလက္ခဏာပြပါကြောင်း၊ ၂၀၂၄ ခုနှစ် ပထမ ၉ လအတွင်း ဘတ် ၇၀၀ ဘီလီယံရင်းနှီးမြှုပ်နှံမှုရှိသည်ဟု ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ကထုတ်ပြန်ထားကြောင်း ဝန်ကြီးကပြောကြားခဲ့သည်။

အစိုးရအနေဖြင့်လည်းယှဉ်ပြိုင်မှုနှင့်ထောက်ပံ့ပို့ဆောင်ရေးကုန်ကျစရိတ်များလျှော့ချနိုင်ရန် အခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှုများကိုတွန်းအားပေးလျက်ရှိကြောင်း၊ကီလိုမီတာ ၂,၀၀၀ ပြေးဆွဲမည့်နှစ်လမ်းသွားရထားလမ်း စီမံကိန်းနှင့် ဗန်ကောက်–နောင်ခိုင်လမ်းကြောင်းမှစတင်မည့် အမြန်ရထားလမ်းစီမံကိန်းတို့ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းအနေဖြင့် ၂၀၂၄ ခုနှစ်တွင် ခရီးသွားဦးရေ ၃၅ သန်းမှ ၃၆ သန်းထိဝင်ရောက်ခဲ့ပြီးယခုနှစ်တွင် ၃၉ ဒသမ၈ သန်းထိ မြင့်တက်လာမည်ဟု ခန့်မှန်းထားပါကြောင်း၊ ပထဝီဝင်နိုင်ငံရေးစိန်ခေါ်မှုများက နိုင်ငံစီးပွားရေးအတွက် ဆုံးရှုံးနိုင်ချေရှိသော်လည်း နည်းပညာကဲ့သို့သော upstream နယ်ပယ်တွင် ရင်းနှီးမြှုပ်နှံမှုများ ရွှေ့ပြောင်းလာနိုင်သဖြင့် နိုင်ငံကို အကျိုးရှိစေမည်ဖြစ်ရာ အခွင့်အလမ်းလည်းရှိပါကြောင်း၊ သို့သော် အရင်းမတည်ပြောင်းရွှေ့လာရန်အတွက် upstream ကို ထောက်ကူပေးမည့် midstream နှင့် downstream ဖွံ့ဖြိုးနိုင်သည့် စွမ်းရည်ရှိရန် လိုအပ်ကြောင်း၊ ထိုင်းနိုင်ငံ၏ လျှပ်စစ်မော်တော်ကားကဏ္ဍတွင် တရုတ်နိုင်ငံတစ်ခုတည်းသာမဟုတ်ဘဲ နိုင်ငံများစွာမှ ရင်းနှီးမြှုပ်နှံသူများရှိပါကြောင်း၊ လျှပ်စစ်မော်တော်ကားထုတ်လုပ်မှုတွင်အနှောင့်အယှက်တစ်စုံတစ်ရာမရှိပါက ထိုင်းနိုင်ငံကိုဒေသတွင်းလျှပ်စစ်မော်တော်ကားအချက်အချာဖြစ်စေမည်ဖြစ်ကြောင်း ဝန်ကြီး Mr. Pichai က သုံးသပ် ပြောကြားခဲ့သည်။

Source: www.bangkokpost.com ၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။

https://myantrade.gov.mm/

## စားတော်ပဲကို အကောက်ခွန်မဲ့ တင်သွင်းနိုင်ခွင့် သက်တမ်း၂ လ ထပ်မံတိုးမြှင့်လိုက်သည့် အိန္ဒိယ

အိန္ဒိယသည် အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် စားတော်ပဲတင်သွင်းမှုအား ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလအထိ တိုးမြှင့်လိုက်ကြောင်း နိုင်ငံခြားကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန (Directorate General of Foreign Trade–DGFT) ၏ တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။

အိန္ဒိယသည် ကနေဒါ၊ ရုရှား၊ မြန်မာ၊ ဩစတြေးလျနှင့် အာဖရိကနိုင်ငံအချို့မှ ပဲမျိုးစုံကိုအဓိကတင်သွင်းပြီး စားတော်ပဲတင်သွင်းမှုအပေါ်အကောက်ခွန်ကင်းလွတ်ခွင့်ကို ၂၀၁၇ ခုနှစ်ကတည်းကစတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုတိုးလာသော်လည်း ဝယ်လိုအားမှာရောင်းလိုအားထက်သာလွန်နေကြောင်း သိရသည်။

ပဲမျိုးစုံ ဈေးတက်နေမှုကို ထိန်းသိမ်းရန်ရည်ရွယ်၍ ဗဟိုအစိုးရက ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ အစောပိုင်းမှ ၂၀၂၄ ခုနှစ် မတ်လအထိ အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် စားတော်ပဲတင်သွင်းမှုအား ခွင့်ပြုပေးပြီးနောက် ဧပြီလမှ ဇွန်လအထိနှင့် အောက်တိုဘာလမှဒီဇင်ဘာလအထိ ဆက်လက်ခွင့်ပြုပေးခဲ့ကြောင်း၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှစ၍ စားတော်ပဲတင်သွင်းမှုအပေါ် အကောက်

ခွန်နှုန်း ၅၀ ရာခိုင်နှုန်းကောက်ခံခဲ့ပြီး ကနေဒါနှင့် ရုရှားနိုင်ငံတို့မှ အဓိကထားတင်သွင်းခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ကုလားပဲ(chana)၊ ပဲနီလေး(Masur)၊ မတ်ပဲ(urad)၊ ကုလားပဲဖြူ (Kabuli cha na) နှင့် ပဲစင်းငုံ (tur) စသည့် ပဲမျိုးစုံ စားသုံးမှုအများဆုံးနှင့် အဓိကစိုက်ပျိုး ထုတ်လုပ်သည့်နိုင်ငံဖြစ်သော်လည်း ပြည်တွင်း စားသုံးမှုလိုအပ်ချက်များကို ပြည်ပမှတင်သွင်းမှုများဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပဲစိုက်ပျိုးထုတ်လုပ်သူများအတွက် အစိုးရက အမျိုးမျိုးသောမက်လုံးပေးဆွဲဆောင်မှုများ ဆောင်ရွက်ခဲ့သော်လည်း ပြည်တွင်းစားသုံးမှုလိုအပ်ချက်အတွက် မြန်မာ၊ သြစတြေးလျ၊ ရုရှားနှင့် ကနေဒါနှင့်အာဖရိကနိုင်ငံအချို့မှအဓိကထားတင်သွင်းခဲ့ရပြီး ၂၀၂၃-၂၀၂၄ ခုနှစ်အတွင်း ပဲတင်သွင်းမှုနှစ်ဆမြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၄ ဘီလီယံထိ ရှိခဲ့ကြောင်း သိရသည်။

အိန္ဒိယ၏ ပဲစိုက်ပျိုးထုတ်လုပ်မှုသည် ၂၀၁၅-၂၀၁၆ ခုနှစ်တွင် တန်ချိန် ၁၆ ဒသမ ၃ သန်းရှိရာမှ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် တန်ချိန် ၂၄ ဒသမ ၅ မီလီယံထိ တိုးမြင့်ထုတ်လုပ်နိုင်ခဲ့သော်လည်း တစ်ချိန်တည်းမှာပင် ဝယ်လိုအားသည်လည်း မြင့်တက်လာခဲ့ကြောင်း၊ အိန္ဒိယသည် ပဲအများအပြားစိုက်ပျိုးထုတ်လုပ်သလိုစားသုံးမှုလည်းများပြားကြောင်း EconomicTimes သတင်းစာတွင် ဖော်ပြထားသည်။

Source : အိန္ဒိယနိုင်ငံ၏ **Economic Times** သတင်းစာ

https://commerce.gov.mm/

## ခြောက်နှစ်အကြာ ပထမဆုံးအဖြစ် တရုတ်နှင့်ဗြိတိန် စီးပွားရေးဆွေးနွေးပွဲကျင်းပ



ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုတို့နှင့်စပ်လျဉ်း၍တရုတ်နှင့်ဗြိတိန် စီးပွားရေးဆွေးနွေးပွဲကို ဇန်နဝါရီလ ၁၁ ရက်တွင် ကျင်းပသည်။

တရုတ်နှင့်ဗြိတိန်နှစ်နိုင်ငံကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ စက်မှုလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု၊ ဘဏ္ဍာရေးဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စီးပွားရေးဆွေးနွေးပွဲတစ်ရပ်ကို ခြောက်နှစ်ကြာရပ်ဆိုင်းခဲ့ပြီးနောက် ဇန်နဝါရီလ ၁၁ ရက်တွင် ဗြိတိန်ဘဏ္ဍာရေးဝန်ကြီး ရေချယ်ရိဗ်က တရုတ်ဒုတိယဝန်ကြီးချုပ် ဟေလီဖန်နှင့် ဒုတိယသမ္မတဟန်ကျန်းတို့နှင့် တွေ့ဆုံစဉ်ကျင်းပခဲ့ခြင်း ဖြစ်သည်။

ဗြိတိန်နိုင်ငံအနေဖြင့် အစွန့်ရှည်တည်တံ့သော ဘဏ္ဍာရေးအရင်းဈေးကွက်ဆက်သွယ်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းထိန်းသိမ်းရေးအပြင် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုတို့နှင့်စပ်လျဉ်း ၍ အပြန်အလှန်ဖလှယ်မှုများကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ဆန္ဒရှိကြောင်း ဗြိတိန်ဘဏ္ဍာရေးဝန်ကြီးကပြောသည်။

ယခုကျင်းပခဲ့သည့် ဆွေးနွေးပွဲသည် တရုတ်နှင့် ဗြိတိန်တို့ကြား မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး၊ တွေ့ဆုံဆွေးနွေးရေးနှင့် နှစ်နိုင်ငံကြားရေရှည်စီးပွားရေးနှင့်ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များအတွက်အရေးပါသည့်ဆွေးနွေးပွဲတစ်ရပ်ဖြစ်သည်။

တရုတ်နှင့် ဗြိတိန်နိုင်ငံတို့သည်ကမ္ဘာ့စီးပွားရေးဆူပါပါဝါနိုင်ငံများဖြစ်ပြီး ယခုကဲ့သို့ဆွေးနွေးပွဲကျင်းပနိုင်ခြင်းသည်နှစ်နိုင်ငံအကျိုးစီးပွားအတွက် အလွန်အရေးပါကြောင်း တရုတ်နိုင်ငံက ပြောကြားထားသည်။

ယခုကျင်းပခဲ့သည့်ဆွေးနွေးပွဲသည်တရုတ်နှင့်ဗြိတိန်တို့ကြား ၁၁ ကြိမ်မြောက်ကျင်းပသည့် စီးပွားရေးဆွေးနွေးပွဲဖြစ်သည်။

Source: https://www.myawady.net.mm/

# STOCK EXCHANGE (14.1.2025)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 14th Jan. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,939 (Shares) | 20,812,650 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | -100 | -1.22% | 8,200 | 8,200 | 8,000 | 1,468 | 11,881,000 | 33,109,694 | 268,189 |
| MTSH | 00002 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,150 | 1,282 | 4,090,850 | 38,929,150 | 124,573 |
| MCB | 00003 | 8,500 | +0 | +0.00% | 8,500 | 8,500 | 8,500 | 45 | 382,500 | 10,400,986 | 88,408 |
| FPB | 00004 | 1,900 | +0 | +0.00% | 1,950 | 1,950 | 1,900 | 360 | 684,500 | 29,664,613 | 56,363 |
| TMH | 00005 | 3,200 | -100 | -3.03% | 3,000 | 3,200 | 3,000 | 10 | 31,000 | 12,823,224 | 41,034 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 1,460 | 2,467,000 | 19,977,223 | 33,961 |
| AMATA | 00007 | 4,200 | +0 | +0.00% | 4,100 | 4,200 | 4,100 | 301 | 1,234,200 | 10,497,598 | 44,090 |
| MAEX | 00008 | 3,200 | +50 | +1.59% | 3,200 | 3,200 | 3,200 | 13 | 41,600 | 23,804,946 | 76,176 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 14th Jan. 2025

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 388.51 | -1.80 | -0.46% | 390.94 | 390.94 | 384.63 | 4,939 | 20,812,650 | 8 | 732,794 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 14th Jan. 2025

| Trading Volume | Trading Value |
|---|---|
| 6,442 (Shares) | 25,396,650 (MMK) |

## Main Board

As of 1:00 pm, 14th Jan. 2025

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,939 (Shares) | 20,812,650 (MMK) |

| MYANPIX | 388.51 ▼ 1.80 |
|---|---|
| Total Volume (shares) | 4,939 |
| Total Value (MMK) | 21 mil |
| Listed Company | 8 |
| Market Cap. (MMK) | 732,794 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▼ 100 |
| MTSH | 00002 | 3,200 | ▲ 0 |
| MCB | 00003 | 8,500 | ▲ 0 |
| FPB | 00004 | 1,900 | ▲ 0 |
| TMH | 00005 | 3,200 | ▼ 100 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,200 | ▲ 0 |
| MAEX | 00008 | 3,200 | ▲ 50 |